မူးယစ်စေသောအရာအားလုံးသည် ဟရာမ်ဖြစ်သည်။

အဘူဗွရ်ဒဟ်သည် ၎င်း၏ ဖခင် အဘူမူစာ အရှ်အရီ (ရဿွိယလ္လာဟု အန်ဟု)
ထံမှဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) က ၎င်းအား
ယီမင်နိုင်ငံသို့ စေလွှတ်တော်မူခဲ့တယ်။ ထိုအခါ ၎င်းက တမန်တော်မြတ်အား
ထိုယီမင်နိုင်ငံတွင် ပြုလုပ်တယ့် သောက်သုံးစရာများနဲ့ပတ်သတ်ပြီး မေးမြန်းခဲ့ရာတမန်တော်မြတ်က ထိုအရာများကို ဘယ်အရာတွေကနေပြုလုပ်သလည်းဟု မေးမြန်းရာ ပျားရည်နဲ့မုယောစပါးတို့ကနေ ပြုလုပ်ပါသည်ဟု လျှောက်ထားခဲ့၏။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) က မူးယစ် စေသော အရာအားလုံးသည် ဟရာမ်ဖြစ်သည်ဟု
မိန့်ကြားတော်မူခဲ့လသည်။ (ဗုခါရီကျမ်း) ၎င်းဟဒီးစ်ကို အိမာမ်မွတ်စ်လင်မ်ကလည်းမိမိ၏ စွဟီးကျမ်းတွင် ဆင့်ပြန်တင်ပြခဲ့ပြီး ၎င်း၏ ဟဒီးစ်စာသားမှာ အဘူမူစာ
အရှ်အရီက ပြောပြခဲ့သည်မှာ - ကျွန်ုပ်နှင့် မုအားဇ်ကို တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) က ယီမင်နိုင်ငံသို့ စေလွှတ်တော်မူခဲ့တယ်။ ထိုအခါကျွန်ုပ်က တမန်တော်မြတ်အား အို - အလ္လာဟ်ရဲ့ ရစူလ် အမှန်တကယ်ပင် ကျွန်
တော်မျိုးတို့ နေထိုင်တယ့် နေရာမှာ မိဇရ် လို့ခေါ်တယ့် မုယောစပါးနဲ့
ပြုလုပ်ထားတယ့် သောက်စရာနဲ့ ဘိသ်အ် လို့ခေါ်တယ့် ပျားရည်နဲ့ ပြုလုပ်ထားတယ့်
သောက်စရာတို့ကို ပြုလုပ်ကြပါသည်ဟု လျှောက် ထားခဲ့၏။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) က " မူးယစ်စေတယ့် အရာအားလုံးဟာ ဟရာမ်ဖြစ်သည် " ဟုမိန့်ကြားတော်မူခဲ့သည်။ မွတ်စ်လင်မ်ကျမ်း၏ ဆင့်ပြန်ချက်တစ်ရပ်တွင် လာရှိသည်မှာ
- တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က " ဆွလာသ်ဝတ်ပြုခြင်းကနေ မူးယစ်ရီ‌ ဝေစေတယ့် အရာအားလုံးဟာ ဟရာမ်ဖြစ်သည် " ဟု မိန့်ကြားတော်မူခဲ့သည်။
မွတ်စ်လင်မ်ကျမ်း၏ နောက်ထပ်ဆင့်ပြန်ချက်တစ်ရပ်တွင် လာရှိသည်မှာ -
ပြည့်စုံကြွယ်ဝ၍ လှပတင့်တယ်သော စကားရပ်တော်များကိုချီးမြှင့်ခြင်းခံရ‌တော်မူတယ့် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က "
ဆွလာသ်ဝတ်ပြုခြင်းကနေ မူးယစ်ရီ‌ဝေစေတယ့် အရာအားလုံးမှ ငါကိုယ်တော်
တားမြစ်တော်မူသည် " ဟု မိန့်ကြားတော်မူခဲ့သည်။ [صحيح] [رواه البخاري ومسلم]

အဘူမူစာ အရှ်အရီ (ရဿွိယလ္လာဟု အန်ဟု) က ၎င်းအား တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ယီမင် နိုင်ငံသို့ စေလွှတ်သည့်အခါ၊ထိုယီမင်နိုင်ငံတွင် ပြုလုပ်သည့် သောက်သုံးစရာများနှင့်ပတ်သတ်၍ ၎င်းတို့မှာဟရာမ်ဖြစ်ပါသလားဟု မေးမြန်းလျှောက်ထားခဲ့၏။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က ထိုသောက်သုံးစရာများသည် (အဘယ်အရာများဖြင့်ပြုလုပ်ထားသည်ကို)မေးမြန်းတော်မူခဲ့၏။ ထိုအခါ အဘူမူစာ (ရဿွိယလ္လာဟု အန်ဟု)က ၎င်းမှာ - " ဘိသ်အ် " ပျားရည်နဲ့ပြုလုပ်ထားတယ့်သောက်သုံးစရာဖြစ်ပြီး၊ " မိဇရ် " မုယောစပါးဖြင့်ပြုလုပ်ထားတယ့်သောက်သုံးစရာဖြစ်ပါသည် ဟု လျှောက်ထားခဲ့၏။ ထိုအခါ ပြည့်စုံကြွယ်ဝသောစကားရပ်တော်များကို ချီးမြှင့်ခြင်းခံရ‌တော်မူတယ့် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) က " မူးယစ်စေတယ့် အရာအားလုံးသည် ဟရာမ်ဖြစ်သည်" ဟုမိန့်ကြားတော်မူခဲ့သည်